AUSCO

# ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင် ကျင့်သားရစေခြင်းဆိုင်ရာ အစီအစဉ် သင်တန်း

# အလုပ်အကိုင်

အလုပ်အကိုင်ရှိခြင်းအားဖြင့် ဩစတြေးလျား၌ တည်ငြိမ်သော အနာဂတ်တစ်ခု ထူထောင်ရေးတွင် သင့်အား အထောက်အကူပြုလိမ့်မည်ဖြစ်ပြီး အမျိုးသားများနှင့် အမျိုးသမီးများအနေနှင့် အလုပ်လုပ်ကြရန် ယေဘုယျအားဖြင့် မျှော်မှန်းပါသည်။ ဩစတြေးလျားတွင် ရောက်လာပြီးနောက် သင် အလုပ် ချက်ခြင်းရချင်မှရပါလိမ့်မည်။ သင်အလုပ်ရှာမရမီ အင်္ဂလိပ်စာကို လေ့လာသင်ယူရန် သို့မဟုတ် ပိုမိုကောင်းမွန်လာစေရန်နှင့် ပညာသင်ယူရန် လိုအပ်နိုင်ဖွယ်ရှိပါမည်။ သင် ရင်ဆိုင်နိုင်ရဖွယ်ရှိမည့် အချို့သော စိန်ခေါ်မှုများတွင် အောက်ပါတို့ ပါဝင်နိုင်ကြပါသည်။

- ဩစတြေးလျား၌ အလုပ်အကိုင် အတွေ့အကြုံမရှိခြင်း
- အင်္ဂလိပ်စာ ကောင်းမွန်စွာ မပြောဆိုနိုင်ခြင်း
- ကွန်ပျူတာဆိုင်ရာ ကျွမ်းကျင်မှု မရှိခြင်း သို့မဟုတ် နည်းပါးခြင်း
- အလုပ်ရှာဖွေရရှိရန် ကူညီပေးနိုင်သော လူမှုရေးပိုင်း ကွန်ရက်မဲ့ခြင်း
- မည်သည့်နေရာ၌ အလုပ်အကိုင်ရှာဖွေရမည် သို့မဟုတ် အလုပ်အကိုင်ရရန် မည်ကဲ့သို့ လျှောက်ရမည်ကို မသိခြင်း
- သင့်ကျွမ်းကျင်မှုများအား ဩစတြေးလျား၌ မလိုအပ်နိုင်ဖွယ်ရှိခြင်း
- သင်၏ အတတ်ပညာရှင်ဆိုင်ရာ အရည်အချင်းများအား ဩစတြေးလျား၌ အသိအမှတ်ပြုနိုင်ဖွယ်မရှိခြင်း တို့ဖြစ်ပါသည်။

ထိုအချိန်မှာ ကြောင့်ကြ၊ သောကရောက်ရသည့် အချိန်တစ်ခုဖြစ်နိုင်သော်လည်း၊ သင့်အိမ်အသစ်၌ အခြေချခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ပါသည်။ ဤအခက်အခဲများကို ကျော်လွှားရန် သင့်အား ကူညီထောက်ပံ့ပေးနိုင်သည့် အခမဲ့ ဝန်ဆောင်မှုအဖွဲ့အစည်းများ ရှိပါသည်။ **မမေ့ပါနှင့်။** အချိန်လိုပါသည်။

အလုပ်ရရန် သင်သည် အင်္ဂလိပ်စာကို လေ့လာသင်ယူရန် လိုအပ်ပါလိမ့်မည်။ သင်သည် ဩစတြေးလျားနိုင်ငံ လုပ်ငန်းခွင်လောကတွင် သင်၏ ကျွမ်းကျင်မှုများကို စတင်မြှင့်တင်နိုင်ရန်အတွက် သင့်အား ကမ်းလှမ်းပေးသော ပထမအလုပ်ကို လက်ခံခြင်းမှာ အကောင်းဆုံးဖြစ်ပါသည်။

လူသား ဝန်ဆောင်မှုများဌာန (Department of Human Services)သည် အလုပ်လက်မဲ့များအား ဝင်ငွေထောက်ပံ့ကြေးပေးခြင်း နှင့် လူများအား ကူညီ၍အလုပ်ရှာပေးခြင်း သို့မဟုတ် လေ့ကျင့်ရေးသင်တန်းပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးပါသည်။ အစိုးရသည် လူများအား အလုပ်ရှာဖွေရန် နှင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးပါသည်၊ သို့မှသာ ၎င်းတို့အနေနှင့် ဝင်ငွေထောက်ပံ့ကြေးအပေါ် အမှီသဟဲ ပြုရတော့မည်မဟုတ်ပါ။ အကယ်၍သင်သည် အလုပ်လက်မဲ့ဖြစ်နေသဖြင့် ထောက်ပံ့ကြေးဝင်ငွေရနေပါက သင်သည် အလုပ်ရှာရန် သော်လည်းကောင်း၊ ပညာသင်ရန်သော်လည်းကောင်း လေ့ကျင့်ရေးသင်တန်းတက်ရန်သော်လည်းကောင်း ယေဘုယျအားဖြင့် လိုအပ်ပါသည်။ နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် www.humanservices.gov.au ၌ ကြည့်ပါ။

## ဩစတြေးလျားနိုင်ငံ အလုပ်အကိုင်ဆိုင်ရာ ကျင့်ဝတ်များ

ဩစတြေးလျား၌ "အလုပ်လုပ်ခြင်း" ၏ အဓိပ္ပာယ်မှာ ငွေရှာရုံသာ မဟုတ်ပါ။ ဩစတြေးလျားလူမျိုးများ အများစုအတွက် အလုပ်အကိုင်တစ်ခုရှိခြင်း နှင့် ယင်းအလုပ်ကိုထိန်းထားနိုင်ခြင်းတို့သည် ထိုသူ၏ ကိုယ်ရေးကိုယ်တာ လက္ခဏာအင်္ဂါရပ်၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ သင်၏ ကျွမ်းကျင်မှုအဆင့်အောက် နိမ့်ကျမှုရှိသော အလုပ်မျိုး လုပ်ရခြင်းကို ဆိုးရွားသည် သို့မဟုတ် မှားယွင်းသည်ဟု မယူဆပါ။ ၎င်းကသင့်အား ဩစတြေးလျားနိုင်ငံ၌ လုပ်သက်အတွေ့အကြုံရစေပြီး အခြားအလုပ်တစ်ခုရရန် သို့မဟုတ် အကျိုးရှိမည့် အဆက်အသွယ်ကိုရရန် ရှေ့ဆောင်ပေးနိုင်ကောင်းပေးနိုင်မည်ဖြစ်ပြီး၊ သင့်မိသားစုအတွက်လည်း ဝင်ငွေရှိစေမည်ဖြစ်ပါသည်။ ဩစတြေးလျား၌ လုပ်ကိုင်ကြသော အမျိုးသားများ နှင့် အမျိုးသမီးများ နှစ်ဦးစလုံးအား လုပ်ငန်းခွင်တွင် ညီတူမျှတူဖြစ်သည်ဟု သတ်မှတ်ပါသည်။ သင့်ထံ၌ အလုပ်ရှိလျှင် "ကောင်းမွန်သော အလုပ်အကိုင်ဆိုင်ရာ ကျင့်ဝတ်များ" ရှိရန် အရေးကြီးပါသည်။ ၎င်း၏ဆိုလိုချက်မှာ သင့်အလုပ်ကို သင်အလေးအနက်ထားခြင်း၊ ကောင်းမွန်စွာ လုပ်ကိုင်ခြင်း နှင့် သင်အကောင်းဆုံး လုပ်ခဲ့သည့်အပေါ် ကျေနပ်မှုရှိခြင်းတို့ကို ဆိုလိုပါသည်။



## အခွန်စည်းကြပ်မှု

ဩစတြေးလျားအစိုးရသည် အခွန်များကို ကောက်ခံပြီး ၎င်းကို လူမှုအသိုင်းအဝိုင်းအတွက် ကျောင်းများ၊ လမ်းပန်း၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် လူမှုဖူလုံရေးတို့ကဲ့သို့သော ဝန်ဆောင်မှုများကို ဆောင်ရွက်လုပ်ကိုင်ပေးရာတွင် သုံးစွဲပါသည်။ အလုပ်အကိုင်မှ လခ၊ စီးပွားရေး ဝင်ငွေများ၊ "ကုန်စည်များ နှင့် ဝန်ဆောင်မှုများ ဆိုင်ရာ အခွန်" (Goods and Services Tax – GST) နှင့် ဘဏ်စာရင်း အတိုးငွေများ တို့ကဲ့သို့သော ရရှိဝင်ငွေများအပေါ် အခွန်များဆောင်ရပါသည်။ ဝင်ငွေရရှိနေသူတိုင်း သို့မဟုတ် အစိုးရထံမှ ထောက်ပံ့ကြေးရရှိနေသူတိုင်း ဩစတြေးလျားနိုင်ငံတော် အခွန်ရုံး (Australian Taxation Office – ATO) ထံ၌ အခွန်ဖိုင်နံပါတ် (Tax File Number – TFN) ကို မလုပ်မနေ လျှောက်ယူရပါမည်။ အခွန်စည်းကြပ်မှုနှင့်ပတ်သက်ပြီး နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် www.ato.gov.au ၌ကြည့်ပါ။

## အလုပ်ရှာဖွေရရှိခြင်း

အလုပ်ရှာဖွေရရှိရန်မှာ သင့်တာဝန်ဖြစ်ပါသည်။ ၎င်းသည် သင်ဩစတြေးလျားသို့ ဆိုက်ရောက်လာပြီးနောက် အရေးကြီးဆုံးသော ခြေလှမ်းတစ်ခုဖြစ်ပါသည်။ အလုပ်ကို မည်ကဲ့သို့ ရှာဖွေရမည့် အကူအညီကို သင်ရရှိနိုင်သော်လည်း အလုပ်အကိုင်တစ်ခုကို ရှာဖွေခြင်း၊ ရယူခြင်း နှင့် ထိန်းထားခြင်းတို့တွင် သင်သည် အဓိက အခန်းကဏ္ဍမှ လုပ်ကိုင်လှုပ်ရှားရပါလိမ့်မည်။ အလုပ်ရှာဖွေရာ၌နှင့် အလုပ်လုပ်နေသည့်အခါ၌ ကိစ္စနစ်ရပ်လုံးတွင် ကွန်ပျူတာဆိုင်ရာ ကျွမ်းကျင်မှုမှာ အရေးကြီးလှပါသည်။

အလုပ်ရှာဖွေရရှိနိုင်ရာ လုပ်ရိုးလုပ်စဉ်နည်းလမ်းအချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- အလုပ်တစ်စုံတစ်ရာ ရှိသလားဟု မိတ်ဆွေများ နှင့် မိသားစုထံ၌ စုံစမ်းမေးမြန်းခြင်း (ကွန်ရက်ချိတ်ဆက်ဖွဲ့ခြင်း)
- Centrelink ၏ အကြံပြုချက်များကို လိုက်နာခြင်း
- jobactive သို့မဟုတ် "မသန်စွမ်းသူများအတွက် အလုပ်အကိုင်ပိုင်းဆိုင်ရာ ဝန်ဆောင်မှု အဖွဲ့အစည်းများ" (Disability Employment Services) ၌ အမည်စာရင်းပေးခြင်း တို့ဖြစ်ပါသည်။ နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက်
    - www.jobs.gov.au/jobactive
    - www.dss.gov.au/our-responsibilities/disability-and-carers/programmes-services/disability-employment-services ၌ ကြည့်ပါ။
- ဩစတြေးလျားအစိုးရ၏ အလုပ်ရှာဖွေရေးဆိုင်ရာ "ဂျော့ဘ် ဆပ်ချ်" JobSearch ဝက်ဘ်ဆိုက်ကို အခမဲ့ အသုံးပြုခြင်း နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် www.jobsearch.gov.au ၌ ကြည့်ပါ။
- သတင်းစာ၊ လူမှုအဖွဲ့အစည်းနံရံကပ် ကြော်ငြာများ၊ အင်တာနက် နှင့် တယ်လီဖုန်းစာအုပ်များကို အသုံးပြုခြင်း
- စီးပွားဖြစ် လုပ်ကိုင်နေကြသော အလုပ်ရှာပေးရေး အဖွဲ့အစည်းများကို အသုံးပြုခြင်း
- လက်မှုပညာရှင် နှင့် အတတ်ပညာရှင် မဂ္ဂဇင်းများ၌ ကြည့်ခြင်း
- စိတ်စေတနာအရ အလုပ်လုပ်ခြင်း။ စိတ်စေတနာအရ အလုပ်လုပ်ခြင်းဆိုသည်မှာ ချို့ငဲ့နေကြသူများအား ကူညီသော အဖွဲ့အစည်းများ၌ လစာမယူဘဲ အခမဲ့ အလုပ်လုပ်ပေးခြင်းဖြစ်ပါသည်။ ၎င်းအလုပ်မျိုးသည် သင်၏ ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးတိုးတက်စေပြီး၊ ဒေသခံ အလုပ်အကိုင်ဆိုင်ရာ အတွေ့အကြုံတိုးစေရန်အတွက်လည်း သင့်အား အထောက်အကူပြုပါသည်။ ၎င်းသည် သင့်အား အလုပ်ရှိနေစေ၍၊ သင်သည် အလုပ်ကို ကြိုးကြိုးစားစားလုပ်နိုင်သည်ကို အခြားသူများအား သက်သေထူနိုင်ပြီး၊ ဩစတြေးလျားနိုင်ငံ အလုပ်အကိုင်များဆိုင်ရာ ထုံးတမ်းဓလေ့များကို လေ့လာသိရှိစေပါသည်။ သင့်အနေနှင့် ဝင်ငွေရရှိစေရာ အလုပ်ကိုင်တစ်ခုကို ရရှိရန် ကူညီပေးကြသူများအဖြစ်၊ စိတ်စေတနာအရ အလုပ်လုပ်ကြသော အခြားသူများကလည်း သင့်အတွက် ထူးကဲကောင်းမွန်သော ထောက်ခံကြသူများဖြစ်နိုင်ပါသည်။ နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် www.volunteeringaustralia.org ၌ ကြည့်ပါ။

တစ်နည်းအားဖြင့် သင်သည် သင့်ကိုယ်ပိုင်စီးပွားရေးကို ထူထောင်နိုင်ဖွယ်ရှိလိုမည်။ ဩစတြေးလျားနိုင်ငံတော်အစိုးရက အချက်အလက်များကိုပေးပြီး အကူအညီပေးပါသည်။ နောက်ထပ်သိကောင်းစရာအချက်အလက်များအတွက် www.business.gov.au ၌ကြည့်ပါ။

## ပင်လယ်ရပ်ခြား အရည်အချင်းများ

### အရည်အချင်းများကို ဘာသာပြန်ဆိုခြင်း


အရည်အချင်းများကို အင်္ဂလိပ်ဘာသာစကားအဖြစ်သို့ ပြန်ဆိုရန် နှင့် ၎င်းအရည်အချင်းများအား ဩစတြေးလျား၌ အသိအမှတ်ပြုမပြုကို သိရှိရန် အရေးကြီးပါသည်။ သင်သည် သင့်အရည်အချင်း စာရွက်စာတမ်းများကို www.translating.dss.gov.au သို့ အွန်လိုင်းပို့ပေးပြီး အခမဲ့ ဘာသာပြန်ခိုင်းနိုင်ပါသည်။

### အရည်အချင်းများကို အသိအမှတ်ပြုခြင်း

အရည်အချင်းများကို တရားဝင် အသိအမှတ်ပြုခံယူရနိုင်လျှင်၊ သင့်အရည်အချင်းဆိုင်ရာ ပညာရှင်လုပ်ငန်းတွင် အလုပ်လုပ်နိုင်မည့်အခွင့်အရေး ပိုတိုးလာပါလိမ့်မည်။ "ပညာရေး နှင့် လေ့ကျင့်ရေးဌာန" သည် ပင်လယ်ရပ်ခြားမှ အလယ်တန်းလွန် ပညာရေး အရည်အချင်းများကို ဩစတြေးလျား၌ မည်ကဲ့သို့ အသိအမှတ်ပြုခံယူ ရရှိနိုင်ခြင်းအကြောင်း သိကောင်းစရာအချက်အလက်များကို ထုတ်ပေးပါသည်။ အချို့သော လက်မှုပညာလုပ်ငန်းများ သို့မဟုတ် အတတ်ပညာရှင်လုပ်ငန်းများသည် လူတစ်ဦး၏ နိုင်ငံရပ်ခြားမှ အရည်အချင်းများအား ဩစတြေးလျားစံချိန်မီ ပြောင်းလဲပေးရန်အတွက်







“ပေါင်းကူး” သင်တန်းများကို စီစဉ်ပို့ချပေးပါသည်။ နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် www.internationaleducation.gov.au ၌ ကြည့်ပါ။

အကယ်၍သင့်ထံ၌ စက်မှုအတတ်ပညာ၊ ဆောက်လုပ်ရေး၊ သတ္တု၊ လျှပ်စစ် သို့မဟုတ် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းများတို့တွင် အရည်အချင်းများရှိပါက၊ “ဩစတြေးလျားနိုင်ငံ လက်မှုပညာများ အသိအမှတ်ပြုရေး အဖွဲ့အစည်း” (Trades Recognition Australia – TRA) မှ ဩစတြေးလျားနိုင်ငံ အသိအမှတ်ပြု လက်မှုပညာ အောင်လက်မှတ်ကို ထုတ်ပေးနိုင်ပါသည်။ (၎င်းသည် အလုပ်လုပ်ခွင့် လိုင်စင်မဟုတ်ပါ)။ နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် www.tradesrecognitionaustralia.gov.au/Pages/default.aspx ၌ ကြည့်ပါ။

## အလုပ်ရခြင်း

### လူတွေ့မေးမြန်းခြင်းများ

သင်အလုပ်မရမီ၊ အလုပ်ရှင်က သင့်အား အလုပ်ရရေးအတွက် လူတွေ့မေးမြန်းခြင်းသို့ လာရောက်ရန် ခေါ်နိုင်ဖွယ်ရှိပါသည်။ ဤအလုပ်ကိုပင် ယှဉ်ပြိုင်ရယူလိုကြမည့်သူ အမြောက်အမြား ရှိကောင်းရှိနိုင်ပါသည်။ လူတွေ့မေးမြန်းခြင်း၌ သင်သည် သင်၏ အလုပ်အတွေ့အကြုံ နှင့် ပညာရေးအကြောင်းတို့ကို ရှင်းပြရန်လိုအပ်ပါလိမ့်မည်။ အချို့ယဉ်ကျေးမှုများအရ လူများမှ မိမိတို့၏ အကြောင်းများကို ထုတ်ဖော်ပြောဆိုခြင်းသည် မယဉ်ကျေးရာရောက်သော်လည်း၊ ဩစတြေးလျားတွင်မူ သင်အလုပ်ရနိုင်မည့်အခွင့်အရေး ပိုတိုးလာစေရန် သင့်အလုပ်ရှင်အား သင့် အတွေ့အကြုံ၊ ကျွမ်းကျင်မှုများ နှင့် အရည်အသွေးများကို တင်ပြရန် လိုအပ်ပါသည်။ သို့မဟုတ်က အလုပ်ရှင်က သင့်အနေနှင့် မည်သည့် ကျွမ်းကျင်မှုများ နှင့် အတွေ့အကြုံများအား ကမ်းလှမ်းပေးနိုင်မည်ကို သိရှိလိမ့်မည်မဟုတ်ပါ။ သင်သည် ဩစတြေးလျားသို့ လာရောက်သည့် ခရီးလမ်း၌ မြောက်မြားလှသော ဒဏ်ခံနိုင်မှု နှင့် စိတ်ဓာတ်ကြံ့ခိုင်မှုရှိခြင်းကို ပြသခဲ့ပါသည်။ ဤအရာများသည် အလုပ်ရှင်တစ်ဦးအနေနှင့် တန်ဖိုးထားလိမ့်မည့် ကောင်းမွန်ခိုင်မာသော အရည်အသွေးများဖြစ်ပါသည်။

### ကိုယ်ရေးအကျဉ်း

အလုပ်လျှောက်သည့်အခါ၌ ကိုယ်ရေးအကျဉ်းကို တောင်းခံလေ့ရှိပါသည်။ ၎င်းသည် အလုပ်ရှင်အား သင်၏ ယခင်က အလုပ်အတွေ့အကြုံ၊ သင့်အရည်အချင်းများ နှင့် နောက်ခံအကြောင်းအရာများကို အသိပေးပါသည်။ ကိုယ်ရေးအကျဉ်းကို ကွန်ပျူတာ၌ စာစီသင့်ပြီး စာလုံးပေါင်းများ မမှားယွင်းရန် သေချာစွာ စစ်ဆေးသင့်ပါသည်။ သင့်ကိုယ်ရေးအကျဉ်းကို သီးသန့်အလုပ်များအတွက် အံဝင်ခွင်ကျဖြစ်အောင် ရေးသားရန် လိုအပ်နိုင်ဖွယ်ရှိလိမ့်မည်။ အကယ်၍ သင့်ထံ၌ ယခင်က အလုပ်အတွေ့အကြုံ လုံးဝမရှိလျှင်၊ မည်သည့် စေတနာ့ဝန်ထမ်းအလုပ်များ၊ သို့မဟုတ် သင်တက်ခဲ့ဘူးသော လေ့ကျင့်ရေးသင်တန်းများ သို့မဟုတ် ဘဝအတွေ့အကြုံများက သင့်အား ဤအလုပ်အတွက် မည်ကဲ့သို့ အသင့်ပြင်ပေးထားကြောင်းကို တင်ပြပြောဆိုသင့်ပါသည်။ jobactive ကဲ့သို့သော ဝန်ဆောင်မှု အဖွဲ့အစည်းများသည် သင်၏ ကိုယ်ရေးအကျဉ်းကို ကူညီ၍ အသင့်ပြင်ပေးနိုင်ပါသည်။ နောက်ထပ်သိကောင်းစရာအချက်အလက်များအတွက် www.jobs.gov.au/jobactive ၌ကြည့်ပါ။

## သင်အလုပ်ရပြီးနောက်

တည်တံ့ခိုင်မြဲသော **အလုပ်အကိုင်ဆိုင်ရာ ကျင့်ဝတ်တရားများ**အား လက်ကိုင်ထားခြင်းအားဖြင့် သင့်အား အလုပ်မြဲရာတွင် အထောက်အကူပြုပါလိမ့်မည်။

- အချိန်မီလုပ်ကိုင်ဆောင်ရွက်ပါ၊ ဘယ်သောအခါမှ နောက်မကျပါနှင့်။ အကယ်၍သင့်ထံ၌ အခက်အခဲတစ်ခုခုရှိပြီး အချိန်မီ မရောက်နိုင်လျှင်၊ သင့်ကြီးကြပ်ရေးမှူးအား ဖုန်းဆက်ပြီး စောနိုင်သမျှအစောဆုံး အကြောင်းကြားရန် သေချာပါစေ။
- အကျိုးရှိရှိ အလုပ်လုပ်ပါ။ အလုပ်အချိန်တစ်လျှောက်လုံး၌ အလုပ်များနေပါ။ စီစဉ်သတ်မှတ်ပေးထားသောအချိန်များအတွင်း၌ အနားယူပါ။
- ကိုယ်ရေးကိုယ်တာ ပြဿနာငယ်များသည် အလုပ်မသွားနိုင်ရန် အကြောင်းပြချက်များမဟုတ်ပါ။ သင် အကယ်စင်စစ်ပင် နာမကျန်းဖြစ်လျှင်သာ သို့မဟုတ် အရေးပေါ်အခြေအနေတွင်သာ အလုပ်ပျက်ပါ။
- အလုပ်တစ်ခုခု သို့မဟုတ် လုပ်ငန်းတာဝန်ကို နားမလည်လျှင် မေးခွန်းများထုတ်ပါ။ အခြားအလုပ်သမား သို့မဟုတ် သင့် အလုပ်ပိုင်ရှင်အား မေးပါ။
- လေ့လာအကဲခတ်နေပါ၊ အခြားသူများအား ကြည့်ရှု၍ သင်ယူပါ။
- လွန်ကဲစွာ မတုန်မလှုပ်နေခြင်း မပြုပါနှင့်။ လက်ဦးရယူ လုပ်ကိုင်ပြီး လုပ်ငန်းတာဝန်အသစ်များကို လေ့လာသင်ယူပါ သို့မဟုတ် သင့်အနေနှင့် တာဝန်ဝတ္တရားအသစ်များကို ရယူလုပ်ကိုင်နိုင်မည်လားဟု မေးပါ။
- အခြားအလုပ်သမားများနှင့် ကောင်းမွန်သော ဆက်ဆံရေးကို ထားရှိပါ၊ သို့သော် အလုပ်အချိန်များအတွင်း၌ လူမှုရေးအပိုင်းအရ ရောနှောဆက်ဆံချိန် မများလွန်းရန် ဂရုစိုက်ပါ။
- အခြားသူများအား လေးစားစွာဆက်ဆံပါ။ သင်သည် ယဉ်ကျေးမှု၊ ဘာသာရေး နှင့် ရှုဒေါင့် အပိုင်းများ၌ ကွဲပြားခြားနားကြသူများနှင့်အတူ အလုပ်လုပ်ရပါလိမ့်မည်။ လုပ်ငန်းခွင်၌ အမျိုးသားများ နှင့် အမျိုးသမီးများအား တန်းတူညီမျှဆက်ဆံသည်ကို သတိချပ်ပါ။
- တည်တံ့ခိုင်မြဲသော အလုပ်လုပ်သက်မှတ်တမ်းကို ထူထောင်ပါ၊ ဖြစ်နိုင်ပါက အလုပ်တစ်ခုတည်း၌ အနည်းဆုံး ၆ လ အထိ စွဲစွဲမြဲမြဲလုပ်ပါ။
- အလုပ်မှ မနုတ်ထွက်မီ သင့်အလုပ်ရှင်အား တတ်နိုင်သမျှ စောစီးစွာ ကြိုတင်သတိပေးပါ။ ထိုအလုပ်ရှင်သည် သင် နောက်အလုပ်လျှောက်ရာတွင် ထောက်ခံပေးမည့်သူဖြစ်သောကြောင့်၊ သူ့အား လေးစားစွာ နှင့် ယဉ်ကျေးသိမ်မွေ့စွာ ပြုမူဆက်ဆံရပါမည်။
- သင်သည် ဥပဒေအရ၊ Centrelink ကို အကြောင်းကြားရပါမည်၊ သို့မှသာ ၎င်းတို့က သင်၏ ဝင်ငွေထောက်ပံ့ကြေးပေးငွေများကို ကိုက်ညှိပေးနိုင်ပါမည်။






ဤစာမျက်နှာကို ရည်စူး၍ အလွတ်ထားခြင်းဖြစ်သည်

*ပြန်လည်ပြင်ဆင် ထုတ်ဝေချက် (ဧပြီလ ၂၀၁၈ ခုနှစ်)*

Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ အဖွဲ့အစည်း
မှ ပို့ချပေးသည်။

IOM • OIM